# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိမည့်အချိန်နှင့်ပတ်သက်၍ သမ္မတထရမ့်နှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးစင်တာညွှန်ကြားရေးမှူးတို့၏ ပြောကြားချက်များ ကွဲလွဲမှုရှိနေ

**ဝါရှင်တန် စက်တင်ဘာ ၁၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကိုဗစ်-၁၉ ကာကွယ်ဆေးမှာ တစ်လအတွင်း အဆင်သင့်ဖြစ်နေမည်ဖြစ်ကြောင်း ပြောကြားခဲ့သော်လည်း ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးစင်တာ(စီဒီစီ) ညွှန်ကြားရေးမှူးကမူ ကနဦး ကာကွယ်ဆေးကို နိုဝင်ဘာလနှင့် ဒီဇင်ဘာလကြားမှသာ ရရှိနိုင်မည်ဖြစ်ကြောင်းပြောကြားခဲ့ရာ ၎င်းတို့နှစ်ဦး၏ ပြောကြားချက်များ ကွဲလွဲမှုရှိနေကြောင်း အင်န်အိတ်ချ်ကေ သတင်းဌာနက ဖော်ပြသည်။

စီဒီစီညွှန်ကြားရေးမှူး ရောဘတ်ရက်ဒ်ဖီးလ်က ကနဦးကာကွယ်ဆေးမှာ နိုဝင်ဘာလနှင့် ဒီဇင်ဘာလကြားရရှိနိုင်မည်ဖြစ်သော်လည်း လူထုထံသို့ ၂၀၂၁ ခုနှစ် ဇွန်လ သို့မဟုတ် ဇူလိုင်နှင့် ဩဂုတ်လလောက်မှသာ ပေးပို့နိုင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၁၆ ရက်က အောက်လွှတ်တော်ကြားနာမှုတွင် ပြောကြားခဲ့သည်။ တစ်နေ့တည်းမှာပင် ကျင်းပခဲ့သည့် သတင်းကွန်ဖရင့်တွင် သမ္မတထရမ့်က ကာကွယ်ဆေးမှာ အောက်တိုဘာလတွင် အသင့်ဖြစ်နေမည်ဖြစ်ကြောင်းနှင့် ယခုနှစ်ကုန်ပိုင်းတွင် ကာကွယ်ဆေး သန်း ၁၀၀ ကို ဖြန့်ချိပေးနိုင်မည်ဖြစ်ကြောင်း အခိုင်အမာဆိုခဲ့သည်။ ထို့ပြင် ထရမ့်က " သူဒီလိုပြောကြားတာက မှားယွင်းမှုလို့ ကျွန်တော် ထင်ပါတယ်။ ဒါဟာ သတင်းမှားတစ်ခုပါ" ဟုလည်း ပြောကြားချက်နှစ်ရပ်ကြား ကွဲပြားမှုနှင့်ပတ်သက်ပြီး သတင်းထောက်များ၏ ထောက်ပြမေးမြန်းလာမှုအပေါ်တွင် ပြန်လည်ချေပခဲ့သည်။

သမ္မတရွေးကောက်ပွဲကျင်းပရန် တစ်လကျော်သာ လိုတော့သည့်အချိန်တွင် ထရမ့်က ၎င်းအနေဖြင့် ကာကွယ်ဆေးရရှိရန် ကြိုးပမ်းအားထုတ်မှုကို ပြသလိုနေပြီး ကာကွယ်ဆေးကို ရွေးကောက်ပွဲမတိုင်မီ လူထုထံသို့ ဖြန့်ချိပေးနိုင်ရန် စီစဉ်နေသည်။ ဒီမိုကရက်တစ်သမ္မတလောင်း ဘိုင်ဒင်က ၎င်း၏ ဇာတိမြေတွင် ပြုလုပ်ခဲ့သည့် လူထုတွေ့ဆုံပွဲတွင် သမ္မတထရမ့်၏ ကာကွယ်ဆေးကို အလျင်အမြန်ထုတ်လုပ်လိုမှုအပေါ် ဝေဖန်ခဲ့ပြီး နိုင်ငံရေးပိုင်းစဉ်းစားမှုသက်သက်က ကာကွယ်ဆေးဖြန့်ချိမှုဆိုင်ရာအတည်ပြုချက်အပေါ် ဖျက်ဆီးနိုင်မည်မဟုတ်ကြောင်း ထောက်ပြခဲ့သည်။

ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-မေလွဲ့သင်း



## အင်ဒိုနီးရှား၌ ကိုဗစ်-၁၉ ရောဂါကြောင့် ဆရာဝန် ၁၁၅ ဦး အသက်ဆုံးရှုံးခဲ့ရ

**ဂျကာတာ စက်တင်ဘာ ၁၇**

အင်ဒိုနီးရှားနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဖြစ်ပွားစဉ်အတွင်း ဆရာဝန် ၁၁၅ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၎င်းတို့အနက် အများစုမှာ အရှေ့ဂျာဗားပြည်နယ်တွင် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း အင်ဒိုနီးရှား ဆေးဘက်ဆိုင်ရာအသင်း၏ ရောဂါလျှော့ချသက်သာစေရေးအဖွဲ့ မှတ်တမ်းများအရ သိရသည်။



အဆိုပါသေဆုံးသွားသည့် ဆရာဝန်များအနက် ၆၀ သည် အထွေထွေရောဂါကုဆရာဝန်များဖြစ်ကြပြီး ကျန် ၅၃ ဦးသည် အထူးကုဆရာဝန်များဖြစ်ကာ ကျန်နှစ်ဦးသည် အထူးကုဆရာဝန်သင်တန်းတက်နေကြသည့် ဒေသခံဆရာဝန်များဖြစ်ကြောင်း အန်ထရာသတင်းအေဂျင်စီက အင်ဒိုနီးရှား ဆေးဘက်ဆိုင်ရာအသင်း၏ ရောဂါလျှော့ချသက်သာစေရေး အဖွဲ့မှ အချက်အလက်များကို ကိုးကားဖော်ပြထားသည်။

အရှေ့ဂျာဗားပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ဆရာဝန် ၂၉ ဦး သေဆုံးခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံရှိ ပြည်နယ်နှင့် ဒေသများအနက် ဆရာဝန် အများဆုံး သေဆုံးသည့် ပြည်နယ်ဖြစ်လာခဲ့သည်။ ထို့အတူ မြောက်ဆူမားတြားပြည်နယ်၌ ဆရာဝန်၂၁ ဦးနှင့် မြို့တော် ဂျကာတာ၌ ၁၅ ဦးစသည်ဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ဆရာဝန်များ သေဆုံးခဲ့ကြသည်။

အင်ဒိုနီးရှားနိုင်ငံ၌ လူ ၁၀၀၀ လျှင် ဆရာဝန် သုည ဒသမ ၄ ဦးနှုန်းဖြင့် တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ အချိုးအစားအားဖြင့် အင်ဒိုနီးရှားနိုင်ငံအတွင်း တာဝန်ထမ်းဆောင်သည့် ဆရာဝန်အချိုးသည် အရှေ့တောင်အာရှတွင် အနိမ့်ဆုံးဖြစ်သည်။ ဆိုလိုသည်မှာ လူ ၁၀၀၀၀ လျှင် ဆရာဝန် လေးဦးသာ တာဝန်ယူ ဆောင်ရွက်ရကြောင်း သိရသည်။ ထို့အတူ အင်ဒိုနီးရှား၌ လူ ၁၀၀၀ လျှင် အထူးကုဆရာဝန် သုည ဒသမ ၁၃ ဦးနှုန်းဖြင့် တာဝန်ယူဆောင်ရွက်ရကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသွားသည့် အဆိုပါ ဆရာဝန် ၁၁၅ ဦးသည် ကိုဗစ်-၁၉ ရောဂါလူနာ ၂၅၀၀ လျှင် ဆရာဝန်တစ်ဦးနှုန်းဖြင့် တာဝန်ယူဆောင်ရွက်မည်ဟု ယူဆရကြောင်း အင်ဒိုနီးရှားဆေးဘက်ဆိုင်ရာအသင်း၏ ရောဂါ လျှော့ချသက်သာစေရေးအဖွဲ့ ဥက္ကဋ္ဌ အာဒစ်ပ်ခူမိုင်ဒီက ပြောကြားသည်။

သို့သော် အင်ဒိုနီးရှားအစိုးရသည် ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ခြင်းမှ အကာအကွယ်ပေးရေးနှင့် ကျန်းမာရေးဝန်ထမ်းများ၏ အသက်လုံခြုံရေးအတွက် ခိုင်လုံသောအစီအမံများကို လုပ်ဆောင်ပေးမည်ဟု မျှော်လင့်ရကြောင်း ၎င်းက ထပ်မံပြောကြားသည်။ ထို့အပြင် အင်ဒိုနီးရှားအစိုးရသည် ဆရာဝန်များနှင့် ဆေးဘက်ဝန်ထမ်းများအား ရောဂါကူးစက်မှုမှ အကာအကွယ်ပေးရေးနှင့် အသက်လုံခြုံရေးဆိုင်ရာ ကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းမည်ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၉၃၅ ဦးတွေ့ရှိခဲ့ပြီးနောက် လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၂၃၂၆၂၈ ဦးရှိလာကြောင်း၊ ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၁၂၂ ဦး သေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၉၂၂၂ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ဂျေတီ

■

## ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ်က မော်ရိုကိုနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍအတွက် ယူရိုသန်း ၂၀၀ ထုတ်ချေး

**လန်ဒန် စက်တင်ဘာ ၁၇**

ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ်နှင့် မော်ရိုကိုနိုင်ငံအစိုးရတို့သည် မြောက်အာဖရိကနိုင်ငံဖြစ်သည့် မော်ရိုကိုနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယူရိုသန်း ၂၀၀ ထုတ်ချေးရေးသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း မော်ရိုကိုနိုင်ငံပိုင် အသံလွှင့်ဌာနက စက်တင်ဘာ ၁၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါချေးငွေသည် Green Generation 2020-2030 ဟု အမည်ရသည့် မော်ရိုကိုနိုင်ငံ၏ စိုက်ပျိုးရေးမဟာဗျူဟာသစ်တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ကြောင်း ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ်နှင့် မော်ရိုကိုနိုင်ငံအစိုးရတို့၏ ပူးတွဲသတင်းထုတ်ပြန်ချက်တစ်ရပ်ကို ကိုးကား၍ မော်ရိုကိုနိုင်ငံပိုင် အသံလွှင့်ဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ယင်းချေးငွေကို အလုပ်အကိုင်အခွင့်အလမ်းများနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ရရှိစေမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် အဓိကအသုံးချမည်ဖြစ်ကြောင်းနှင့် အသေးစားစိုက်ပျိုးရေးခြံများ၊ စိုက်ပျိုးရေးဆိုင်ရာ သမဝါယမလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကဲ့သို့သော စားနပ်ရိက္ခာထုတ်လုပ်မှုကဏ္ဍအားလုံးအတွက်လည်း အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ်သည် ၂၀၀၇ ခုနှစ်ကတည်းက မော်ရိုကိုနိုင်ငံသို့ ငွေကြေးထောက်ပံ့မှုများပေးခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် မော်ရိုကိုနိုင်ငံသို့ ချေးငွေ ယူရို ၅ ဘီလီယံကျော်ရှိသွားပြီဖြစ်ကြောင်းလည်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်



## ယူဂန္ဓာနိုင်ငံအရှေ့မြောက်ဘက်၌ အကျဉ်းထောင်ဖောက်မှုဖြစ်ပွား၊ အကျဉ်းသား ၂၀၀ ကျော် ထွက်ပြေးလွတ်မြောက်



**ကမ်ပါလာ စက်တင်ဘာ ၁၇**

ယူဂန္ဓာနိုင်ငံ၏ အရှေ့မြောက်ဘက် မိုရိုတိုခရိုင်ရှိ အကျဉ်းထောင်တစ်ခု၌ အကျဉ်းထောင်ဖောက်မှုတစ်ခု ဖြစ်ပွားခဲ့ပြီးနောက် အကျဉ်းသား ၂၁၉ ဦး ထွက်ပြေးလွတ်မြောက်သွားကြောင်း အကျဉ်းထောင်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ယနေ့ပြောကြားခဲ့သည်။

သို့သော် မိုရိုတိုမြို့ရှိ ဆင်ဂီလာအကျဉ်းထောင်မှ အကျဉ်းသားများ ထွက်ပြေးလွတ်မြောက်ခဲ့ပြီးနောက် အကျဉ်းသားခုနစ်ဦးကို တာဝန်ရှိသူများက ပြန်လည်ဖမ်းဆီးခဲ့ပြီး ကျန်သုံးဦးကို ပစ်သတ်နိုင်ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဖရန့်ဘိုင်နီက တယ်လီဖုန်းဖြင့် ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အကျဉ်းထောင်မှ တပ်ဖွဲ့ဝင်များ၊ စစ်တပ်နှင့် ရဲတပ်ဖွဲ့ဝင်များသည် ထွက်ပြေးလွတ်မြောက်သွားသည့် အကျဉ်းသားများကို လိုက်လံရှာဖွေလျက်ရှိကြကြောင်း သိရသည်။ ရှာဖွေရေးအဖွဲ့သည် ရဟတ်ယာဉ်ဖြင့် ရှာဖွေမှုကို ယမန်နေ့ညက ရပ်သိမ်းခဲ့သော်လည်း ခြေကျင်ဖြင့် ဆက်လက်ကင်းလှည့်ရှာဖွေလျက်ရှိကြောင်း၊ ယနေ့ညနေပိုင်းလောက်ဆိုလျှင် ရလဒ်ကောင်းများ ထွက်ပေါ်လာလိမ့်မည်ဟုမျှော်လင့်ရကြောင်း ပြောရေးဆိုခွင့်ရှိသူက ထပ်မံပြောကြားသည်။

အဆိုပါ အကျဉ်းသားများအနက် အများစုမှာ တရားမဝင်စစ်လက်နက်များ ပိုင်ဆိုင်မှုဖြင့် ထောင်ချခြင်းခံရသူများဖြစ်သည်။ ယခုနှစ် မတ်လက ယူဂန္ဓာနိုင်ငံ၏ အနောက်မြောက်ဘက် အာရွာခရိုင်၌ အကျဉ်းထောင်ဖောက်ကာ ထွက်ပြေးလွတ်မြောက်ရန် ကြိုးပမ်းအားထုတ်မှုတစ်ခု ဖြစ်ပွားခဲ့ရာ အကျဉ်းသားသုံးဦးထက်မနည်း သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ

# ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရာတွင် စည်းလုံးညီညွတ်မှုရှိရန် နိုင်ငံတကာအသိုက်အဝန်းအား ကုလသမဂ္ဂအကြီးအကဲ တောင်းဆို



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်

**နယူးယောက် စက်တင်ဘာ ၁၇**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ရာသီဥတုပြောင်းလဲမှုနှင့် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးတို့တွင် စည်းလုံးညီညွတ်မှုရှိရန် နိုင်ငံတကာ အသိုက်အဝန်းအား တောင်းဆိုလိုက်ကြောင်း သိရသည်။ ဂူတာရက်စ်က စက်တင်ဘာ ၁၆ ရက်တွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် (၇၅) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် ယင်းသို့ တောင်းဆိုလိုက်ခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ တစ်သန်းနီးပါးရှိလာပြီး အဆိုပါကပ်ရောဂါကို လက်ရှိအချိန်အထိ မထိန်းချုပ်နိုင်သေးကြောင်း၊ ကိုဗစ်-၁၉ ရောဂါအတွက် ကာကွယ်ဆေးတစ်မျိုး ရရှိခဲ့မည်ဆိုလျှင်လည်း လူတိုင်းရရှိနိုင်ဖို့ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဂူတာရက်စ်က ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိရေး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဦးဆောင်လျက်ရှိသည့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် ရန်ပုံငွေအများအပြား ထည့်ဝင်ရန်လည်း ကုလသမဂ္ဂအကြီးအကဲက တောင်းဆိုခဲ့သည်။

ထို့ပြင် ကမ္ဘာကြီးပူနွေးလာမှုကိုလည်း ပူးပေါင်းတိုက်ဖျက်ရန် နိုင်ငံတကာ အစိုးရများအား တောင်းဆိုခဲ့ပြီး ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုလျှော့ချရေး ရည်မှန်းချက်ပန်းတိုင်များကိုလည်း ကမ္ဘာ့နိုင်ငံများအနေဖြင့် ပြန်လည်သုံးသပ်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# အိန္ဒိယနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ သန်း ၁၀၀ ရုရှားနိုင်ငံ ရောင်းချမည်



**မော်စကို စက်တင်ဘာ ၁၇**

အိန္ဒိယဆေးဝါးကုမ္ပဏီ Dr Reddy's Laboratories သို့ စပွတ်ညစ်-ဗွီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ သန်း ၁၀၀ ရောင်းချရန် သဘောတူခဲ့ကြောင်း ရုရှားနိုင်ငံ၏ ဗိုင်းရပ်စ် ကာကွယ်ဆေးစီမံကိန်းကို ငွေကြေးမတည်သည့် Sovereign Wealth Fund က ပြောကြားလိုက်သည်။

ရုရှားနိုင်ငံက ပြည်ပသို့ စပွတ်ညစ်-ဗွီ ဗိုင်းရပ်စ် ကာကွယ်ဆေး ဖြန့်ဖြူးရေးစီမံချက်များ အရှိန်မြှင့် လုပ်ဆောင်လျက်ရှိသည်။ ရုရှားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့ (RDIF) က ရုရှားနိုင်ငံမှ ရေနံနှင့်လက်နက်များ အဓိကဝယ်ယူသည့် အိန္ဒိယနိုင်ငံ၌ ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ သန်း ၃၀၀ ထုတ်လုပ်ရန် အိန္ဒိယဆေးဝါးကုမ္ပဏီများနှင့် သဘောတူညီမှုများရရှိပြီးနောက် ယခုသဘောတူညီချက် ရရှိခဲ့ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ ထိပ်တန်းဆေးဝါးကုမ္ပဏီတစ်ခုဖြစ်သည့် Dr Reddy's Laboratories အနေဖြင့် အိန္ဒိယနိုင်ငံ၌ ဗိုင်းရပ်စ်ကာကွယ်ဆေး အဆင့် (၃) လက်တွေ့စမ်းသပ်မှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း RDIF က ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံရှိ အာဏာပိုင်များ၏ စမ်းသပ်မှုများနှင့် မှတ်ပုံတင်ခြင်းတို့ ပြီးစီးမှသာ အိန္ဒိယနိုင်ငံသို့ ဗိုင်းရပ်စ် ကာကွယ်ဆေးများပေးပို့မှုကို ယခုနှစ်ကုန်တွင် စတင်နိုင်မည်ဖြစ်ကြောင်း ထုတ်ပြန်ချက်က ဆိုသည်။ ရုရှားနိုင်ငံသည် အဆင့်(၃) လက်တွေ့စမ်းသပ်မှုများ မပြီးစီးမီ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးတစ်မျိုး ထုတ်လုပ်ခွင့်ရသည့် ကမ္ဘာ့ပထမဆုံးနိုင်ငံ ဖြစ်လာခဲ့သည်။ သို့သော် သိပ္ပံပညာရှင်များ၊ ဆရာဝန်များက ရုရှားနိုင်ငံလုပ် စပွတ်ညစ်-ဗွီ ဗိုင်းရပ်စ်ကာကွယ်ဆေး၏ ဘေးအန္တရာယ်ကင်းမှု၊ ထိရောက်မှုနှင့်ပတ်သက်၍ စိုးရိမ်မှုများရှိနေကြသည်။

စပွတ်ညစ်-ဗွီ ဗိုင်းရပ်စ်ကာကွယ်ဆေး အဆင့် (၁) နှင့် အဆင့် (၂) စမ်းသပ်မှုရလဒ်များက အလားအလာကောင်းများ ပြသခဲ့ကြောင်း Dr Reddy's Laboratories ၏ ပူးတွဲဥက္ကဋ္ဌ ဂျီဗွီပရာဆတ်အား ကိုးကား၍ RDIF က ထုတ်ပြန်ချက်အတွင်း ပြောကြားခဲ့သည်။

**ကိုးကား-ပီတီအိုင်၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# တောင်အာဖရိကနိုင်ငံက ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုလျော့ကျလာခြင်းကြောင့် ခရီးသွားလာခွင့်ဆိုင်ရာ ကန့်သတ်ချက်များ ဖြေလျှော့မည်

**ဂျိုဟန်နစ္စဘတ် စက်တင်ဘာ ၁၇**

တောင်အာဖရိကနိုင်ငံသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု လျော့ကျလာခြင်းကြောင့် ခရီးသွားလာခွင့်ဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ထို့ပြင် စက်တင်ဘာ ၂၀ ရက်မှစတင်၍ တောင်အာဖရိကနိုင်ငံ၌ ချမှတ်ထားသည့် ညမထွက်ရအမိန့်ကိုလည်း ဖြေလျှော့သွားမည်ဖြစ်ပြီး လူစုလူဝေးဖြင့် ပြုလုပ်ရမည့် အခမ်းအနားပွဲများကိုလည်း လူဦးရေဝင်ဆံ့မှု၏ ထက်ဝက်အထိ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းနှင့် အဖျော်ယမကာ ရောင်းချမှုကိုလည်း ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ခပ်ခွာခွာနေထိုင်ခြင်းနှင့် နှာခေါင်းစည်းဝတ်ဆင်ခြင်း ကဲ့သို့သော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကိုမူ ဆက်လက်လိုက်နာရမည်ဖြစ်ကြောင်း တောင်အာဖရိက သမ္မတ ရာမာဖိုဆာက ရုပ်မြင်သံကြားမိန့်ခွန်းတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။

တောင်အာဖရိကနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် မတ် ၂၇ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်း ခရီးသွားလာခွင့်ကန့်သတ်ချက်များ ချမှတ်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ရောဂါကူးစက်ခံရသူ ၆၅၀၀၀၀ နှင့် သေဆုံးသူ ၁၅၀၀၀ ကျော်ရှိကြောင်း သိရသည်။

သို့ရာတွင် တောင်အာဖရိကနိုင်ငံ၌ ဇူလိုင်လအတွင်းက တစ်ရက်ပျမ်းမျှ ကူးစက်ခံရသူဦးရေ ၁၂၀၀၀ ခန့်ရှိခဲ့ရာမှ လက်ရှိအချိန်တွင် တစ်ရက်ပျမ်းမျှ ကူးစက်ခံရသူ အရေအတွက်သည် ၂၀၀၀ ဝန်းကျင်အထိ ကျဆင်းလာခဲ့ခြင်းကြောင့် ခရီးသွားလာခွင့်ဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့ပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တောင်အာဖရိက နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် နယ်စပ်များကို ပိတ်ထားခဲ့ပြီး နိုင်ငံတကာ ခရီးသွားကဏ္ဍကို အောက်တိုဘာ ၁ ရက်မှစတင်ကာ ပြန်လည်ခွင့်ပြုပေးသွားမည်ကြောင်း သိရသည်။ သို့ရာတွင် တောင်အာဖရိကနိုင်ငံသို့ ရောက်ရှိလာသော ခရီးသည်များအနေဖြင့် သုံးရက်အတွင်း စမ်းသပ်ထားသည့် ကိုဗစ်-၁၉ ရောဂါမရှိကြောင်း ထောက်ခံချက် တင်ပြရမည်ဖြစ်ကြောင်း သမ္မတ ရာမာဖိုဆာက ပြောကြားခဲ့သည်။

**ကိုးကား-ဘီဘီစီ**
**ဘာသာပြန်-အလင်းသစ်**



# ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကျဆင်းခဲ့ရသော ဥရောပဒေသစီးပွားရေးကို ပြန်လည်မြှင့်တင်မည်

**ဘရပ်ဆဲလ် စက်တင်ဘာ ၁၇**

ဥရောပကော်မရှင်အကြီးအကဲ ဗွန်ဒါလီယန်က ဥရောပကော်မရှင်အခြေပြမိန့်ခွန်းတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ထိခိုက်ခဲ့ရသော ဥရောပ၏ စီးပွားရေးကို ပြန်လည်ဦးမော့လာစေရန် အစီအမံများချမှတ်ထားကြောင်း ပြောကြားသည်။

ဥရောပဒေသ၏ စီးပွားရေးသည် လက်ရှိအချိန်တွင် ကိုရိုနာဗိုင်းရပ်စ်သံသရာအတွင်း လည်ပတ်နေပြီး ဒေသ၏ စီးပွားရေးကျဆင်းမှုအခြေအနေမှာ အဆိုးရွားဆုံးအခြေအနေတွင် ရှိနေကြောင်း၊ သို့သော် နောင်လာမည့်ကာလအတွင်း ကြုံတွေ့ရမည့် စီးပွားရေးဆိုင်ရာအခက်အခဲများကို တွန်းလှန်နိုင်ရန် ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၇ နိုင်ငံက ရည်မှန်းချက်ပန်းတိုင်များ ချမှတ်ထားကြောင်း၊ ကမ္ဘာတစ်ဝန်း တောမီးလောင်မှုများ၊ မိုးခေါင်မှုများနှင့် ဆီးနှင်းပြိုကျမှုများစသော သဘာဝဘေးများ ကျရောက်နေသည့်အတွက် ရာသီဥတုပြောင်းလဲမှုကာကွယ်ရေးကို ဆောင်ရွက်နေရကြောင်း ၎င်းက ပြောကြားသည်။ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကမ္ဘာ့စီးပွားရေးပြန်လည်မြှင့်တင်ရန်အတွက် ဥရောပသမဂ္ဂ၏ ရန်ပုံငွေ ဘီလီယံ ၇၅၀ ၏ ၃၀ ရာခိုင်နှုန်းကို သုံးစွဲရန် သတ်မှတ်ထားကြောင်း ၎င်းက ပြောကြားသည်။ ထို့အတူ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ကျဆင်းခဲ့ရသော ကမ္ဘာ့စီးပွားရေးကို ပြန်လည်ဦးမော့လာစေရန် ငါးနှစ်တာမျှ အချိန်ယူရမည်ဖြစ်ကြောင်း ကမ္ဘာ့စီးပွားရေးဘဏ်၏ စီးပွားရေးဆိုင်ရာ အရာရှိချုပ် ကာမန်းရိန်းဟက်က ယနေ့ ပြောကြားသည်။

ယခုအချိန်တွင် အသွားအလာကန့်သတ်ချက်များကို နိုင်ငံအများအပြားတွင် ရုပ်သိမ်းပြီးဖြစ်သဖြင့် ကမ္ဘာ့စီးပွားရေးလျင်မြန်စွာ ပြန်လည်ဦးမော့လာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-စိုးသူရ**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၃၀၀၇၆၄၂၉ ဦး

သေဆုံးသူ ၉၄၅၈၄၅ ဦး

ပြန်လည်ကျန်းမာလာသူ ၂၁၈၂၈၃၁၉ ဦး

# ရန်ကုန်တိုင်းဒေသကြီး၌ ပရိတ်တရားတော်နှင့် ပဋ္ဌာန်းဒေသနာတော် လှည့်လည်ရွတ်ဖတ်ပူဇော်

**ရန်ကုန် စက်တင်ဘာ ၁၇**
ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့၏ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်ကျင်းပရေးကော်မတီတို့က စီစဉ်သည့် ကိုဗစ်-၁၉ ရောဂါ အန္တရာယ် အမြန်ပျောက်ကင်းစေရန် ပရိတ်တရားတော်နှင့် ပဋ္ဌာန်းဒေသနာတော်ကြီးကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ယနေ့တွင်လှည့်လည် ရွတ်ဖတ်ပူဇော်ခဲ့ကြကြောင်း သိရသည်။

**ကိုးပါးသီလ ဆောက်တည်**

ကိုဗစ်-၁၉ ရောဂါ အန္တရာယ် အမြန်ပျောက်ကင်းစေရန် ပရိတ်တရားတော်နှင့် ပဋ္ဌာန်းဒေသနာတော်ကြီးအား ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ လှည့်လည်ရွတ်ဖတ်ပူဇော် ဖွင့်ပွဲမင်္ဂလာအဖြစ် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် အာရုံခံတန်ဆောင်း၌ ယနေ့မွန်းလွဲ ၂ နာရီခွဲက ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရဘဒ္ဒန္တအဂ္ဂသာမိထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဥပသကာများက ပရိတ်ပန်း၊ ပရိတ်ချည်၊ ပရိတ်ရေနှင့်ပရိတ်သဲတို့ကို ဆရာတော်များထံ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ ထို့နောက် ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် လုရတနာ ဆရာတော်ဘဒ္ဒန္တနာရဒါဘိဝံသထံက ရေစက်ချတရားတော်နာယူကြပြီး ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

**လှည့်လည် ရွတ်ဖတ်ပူဇော်**

ပရိတ်တရားတော်နှင့် ပဋ္ဌာန်းဒေသနာတော် လှည့်လည်ရွတ်ဖတ်ပူဇော်ခြင်း အစီအစဉ်အား ညနေ ၄ နာရီတွင် ပြုလုပ်ရာ တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဦးစီးသောသံဃာတော်ကိုးပါးနှင့် သီလရှင်ကိုးပါးတို့က မော်တော်ယာဉ်ခြောက်စီးဖြင့် ထွက်ခွာပြီး ကမ္ဘာအေးစေတီလမ်းမှ ဦးထောင်ဘိုလမ်း၊ ဦးဝိစာရလမ်း၊ ရွှေဂုံတိုင်လမ်း၊ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအား သုံးပတ် ပတ်ကာ ၎င်းမှဦးထောင်ဘိုလမ်း၊ ကမ္ဘာအေးစေတီလမ်း၊ အလံပြဘုရားလမ်း၊ ဆူးလေဘုရားလမ်း၊ ကမ်းနားလမ်း၊ ရာဇဓိရာဇ်လမ်း၊ ပုဇွန်တောင်လမ်းအတိုင်း၊ ၎င်းမှ သံသုမာလမ်း၊ ဘုန်းကြီးလမ်းအတိုင်းရွတ်ဖတ်ကြကာ မယ်လမုဘုရားတွင် ခေတ္တရပ်နားကြသည်။ ယင်းနောက် မယ်လမုဘုရားမှ ပြန်လည်ထွက်ခွာကာ သုဓမ္မာလမ်း၊ ခရေပင်လမ်း၊ ဘုရင့်နောင်လမ်းအတိုင်း ချောင်းဝ ဘုန်းတော်ကြီးကျောင်းတွင် ခေတ္တရပ်နားကြသည်။ ထို့နောက် ဘုရင့်နောင်လမ်း၊ ကမ်းနားလမ်း၊ ဆူးလေဘုရားလမ်း၊ ကမ္ဘာအေးစေတီလမ်းမှတစ်ဆင့် ကြားတောရလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကရုံးအထိလမ်းတစ်လျှောက် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြကြောင်း သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**



# တပ်ကုန်းမြို့၌ ဦးခေါင်းနှစ်လုံးပါ ကလေးတစ်ဦး မွေးဖွား

**နေပြည်တော် စက်တင်ဘာ ၁၇**
နေပြည်တော် တပ်ကုန်းမြို့နယ် ရွေးစုကျေးရွာအုပ်စု ရွေးစုကျေးရွာနေ ဦးသိန်းထိုက်၏ဇနီး မအေးစန္ဒာမြင့် ၂၉ နှစ်သည် ကလေးမီးဖွားရန်အတွက် တပ်ကုန်းမြို့ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံသို့ တက်ရောက်လျက်ရှိရာ ယမန်နေ့ ည ၈ နာရီတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းထွန်းကြီးကြပ်၍ လက်ထောက်ဆရာဝန် ဒေါက်တာ မင်းထက်မောင်မောင် (သားဖွားနှင့် မီးယပ်)အဖွဲ့က အရေးပေါ်ခွဲစိတ်မွေးဖွားပေးခဲ့ပြီး ဦးခေါင်းနှစ်လုံးပါသည့် ယောကျ်ားလေးတစ်ဦး မွေးဖွားခဲ့ကြောင်း သိရသည်။



အဆိုပါကလေးအား တပ်ကုန်းမြို့နယ်ခုတင်(၁၀၀)ပြည်သူ့ဆေးရုံကလေးအထူးကုဆရာဝန်က လိုအပ်သည်များ လုပ်ဆောင်ပေးပြီး နေပြည်တော် ခုတင်(၅၀၀) ကလေးဆေးရုံသို့ ဆက်လက်လွှဲပြောင်း ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**သတင်း-တင်စိုးလွင်**
**ဓာတ်ပုံ-ခုတင်(၁၀၀) ပြည်သူ့ဆေးရုံ၊ တပ်ကုန်း**

# ပြင်ဦးလွင်ပြည်သူ့ဆေးရုံကြီး၌ သီးသန့်ကုသဆောင်များ ပြင်ဆင်ဆောင်ရွက်လျက်ရှိ

**ပြင်ဦးလွင် စက်တင်ဘာ ၁၇**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ပြည်သူ့ဆေးရုံကြီးတွင် ယခင်လူနာဆောင် အချို့အား နေရာပြောင်းခြင်း၊ ward များ ပေါင်းခြင်းများပြုလုပ်လျက်ရှိပြီး သီးသန့်ကုသဆောင်များ (Isolation Ward)များအား ထပ်မံတိုးချဲ့ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ သီးသန့်ဆောင်များတွင် ၁၀ ဦးဆံ့ သီးသန့်ကုသဆောင် (Isolation 1) တွင် ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာများအားထားရှိပြီး၊ ရှစ်ဦးဆံ့သီးသန့် ကုသဆောင် (Isolation 2)၊ ၃၂ ဦးဆံ့ သီးသန့်ကုသဆောင် (Isolation 3) စုစုပေါင်း သီးသန့်ကုသဆောင် သုံးဆောင်တွင် လူနာဦးရေ ၅၀ ခန့်အား ကုသမှုခံယူနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ရှစ်ဦးခန့်ထားရှိနိုင်သော သီးသန့်ကုသဆောင်တစ်ဆောင် (Isolation Ward 4)အား စတင်ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ရာ ကုသရေးအတွက် ကျန်းမာရေးဝန်ထမ်းများအားလုံး တာဝန်ထမ်းဆောင်လျက်ရှိပြီး ဆက်စပ်ကိစ္စရပ်များနှင့် contact ရှာဖွေရေးများအား ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**မြတ်ဆုမွန်(ပြန်/ဆက်)**




# မြန်အောင်မြို့နယ်ရှိ အခြေခံသမဝါယမအသင်းသားများအား စုဆောင်းငွေပေါ်အတိုးများ ထုတ်ပေးလျက်ရှိ

**မြန်အောင် စက်တင်ဘာ ၁၇**
ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် EXIM Bank ချေးငွေရယူထားသော အခြေခံသမဝါယမအသင်း ၂၀၂ သင်းမှ အသင်းသား ၈၁၃၃ ဦးသည် (၁၃) ကြိမ်မြောက် ချေးငွေ အား ပေးဆပ်ပြီးဖြစ်၍ ၎င်းတို့၏ စုဆောင်းငွေကျပ် ၁၃၀၉ ဒသမ ၃၁၇ သန်းအတွက် ထုတ်ပေးရန်ရှိသည့် စုဆောင်းငွေပေါ် အတိုးငွေကျပ် ၉၁၈ ဒသမ ၉၉ သန်းကို စက်တင်ဘာလအတွင်း အသင်းသားများ၏ လက်ဝယ် အရောက်ပေးအပ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးညှင်းမြို့နယ် ရွှေသီးနှံမျိုးစေ့ထုတ် သမဝါယမအသင်းသားများအား ထောက်ပံ့ကြေးပေးအပ်

**မိုးညှင်း စက်တင်ဘာ ၁၇**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် သမဝါယမဦးစီးဌာနနှင့် မိုးညှင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍မြို့နယ်အတွင်းရှိအင်းကုန်းကျေးရွာ၊ ညောင်ကိုင်းကျေးရွာနှင့် သာယာကုန်းကျေးရွာများမှ ရွှေသီးနှံမျိုးစေ့ထုတ် သမဝါယမ အသင်းသား ၁၁ ဦး ပိုင်ဆိုင်သောမျိုးစေ့ထုတ် ဧက ၄၀ အတွက် တစ်ဧကလျှင် ငွေကျပ် ၁၄၈၀၀၀ နှုန်းဖြင့် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်(CERP) အရ ထောက်ပံ့ကြေးငွေကျပ် ၅၉၂၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တောင်သူလယ်သမားများသို့ အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံအများစုတွင် ၂၀၂၀ ပြည့်နှစ် မိုးရာသီအတွင်း စီးဝင်ရေပမာဏမှာ ယခင်နှစ်များက ကာလတူပမာဏထက် နည်းပါးလျက်ရှိသည့်အတွက် သိုလှောင်ရေပမာဏမှာလည်း လျော့နည်းကျဆင်းလျက်ရှိပါသည်။

ထို့ပြင် ယခုနှစ် မိုးရာသီတွင် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ပုံမှန်မိုးစပါးစိုက်ပျိုးရေပေးဝေခြင်းအပြင် ယခင်မိုးစပါးစိုက်ပျိုးရေပေးဝေရန်မလိုအပ်သည့် မိုးကောင်းသောက်ဒေသများတွင်လည်း ဖြည့်စွက်ရေများပေးဝေနေရသည့် အခြေအနေများ ကြုံတွေ့နေရပါသဖြင့် ယခုနှစ်လျာထားမိုးစပါးစိုက်ကေများ ပြည့်မီစွာရေပေးဝေနိုင်ရန်နှင့် လာမည့်နွေစပါးရာသီတွင်လည်း ဆည်အတွင်း ကျန်ရှိသိုလှောင်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံများ ယခင်နှစ် လျာထားပမာဏများအတိုင်း ပြည့်မီစွာစိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် သောက်သုံးရေလုံလောက်စွာပေးဝေနိုင်ရန်အတွက် ရေအသုံးချသူများအဖွဲ့များနှင့်အတူ ဆည်ရေကို စနစ်တကျချွေတာသုံးစွဲလျက်ရှိသည့်အပြင် အားလုံးသောတောင်သူလယ်သမားများနှင့် ပြည်သူများမှလည်း မိမိတို့ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**○ ချန်ပီယံမှ**

ရောဝတီနှင့် ဟံသာဝတီအသင်းတို့က ရမှတ် ၃၆ မှတ်စီဖြင့် ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေပြီး ဂိုးကွာခြားချက်ဖြင့် ရောဝတီအသင်းက ပထမ၊ ဟံသာဝတီအသင်းက ဒုတိယနေရာတွင် ရပ်တည်နေသည်။ ယင်းအသင်းများ၏နောက်တွင် ရှမ်းယူနိုက်တက်အသင်းက ၃၂ မှတ်၊ ရန်ကုန်အသင်းက ၂၉ မှတ်၊ ရခိုင်အသင်းက ၁၇ မှတ်၊ ရတနာပုံအသင်းက ၁၆ မှတ်၊ စစ်ကိုင်းနှင့် မကွေးအသင်းတို့က ၁၀ မှတ်စီ၊ အား/ကာသိပ္ပံအသင်းက ရှစ်မှတ်၊ Southern အသင်းက လေးမှတ်ရရှိထားသည်။

ပွဲစဉ် (၁၆)အပြီး ရပ်တည်မှုအရ ချန်ပီယံဆုအတွက် ၃၆ မှတ်စီရထားသည့် ရောဝတီနှင့် ဟံသာဝတီအသင်း၊ ၃၂ မှတ်ရထားသည့် ရှမ်းယူနိုက်တက်အသင်းတို့ အခွင့်အရေးရှိနေပြီး ရှုံးပွဲကြုံတွေ့ခဲ့သည့် ရန်ကုန်အသင်းမှာမူ ၂၉ မှတ်ဖြင့် အခွင့်အရေးလွန်စွာနည်းပါးသွားပြီဖြစ်သည်။ ယခုတစ်ပတ်တွင် ချန်ပီယံမျှော်လင့်ချက်ရှိနေသည့် ဟံသာဝတီအသင်းသည် ရန်ကုန်နှင့် ပွဲကျပ်ကစားရမည်ဖြစ်ပြီး ရောဝတီနှင့် ရှမ်းယူနိုက်တက်အသင်းတို့မှာမူ အနည်းငယ်ပွဲချောင်သည်ဟု သတ်မှတ်ရမည်ဖြစ်သည်။ ရောဝတီနှင့် ရှမ်းယူနိုက်တက်အသင်းသည် ရခိုင်၊ အား/ကာသိပ္ပံအသင်းတို့နှင့် တွေ့ဆုံနေခြင်းဖြစ်ပြီး ဟံသာဝတီအသင်း ပွဲကျပ်ကစားရသည်ကို အသုံးချရမည်ဖြစ်သည်။ နည်းပြ ဦးမျိုးမင်းထွန်းလက်ထက်တွင် ပုံစံကောင်းရနေသည့် ဟံသာဝတီအသင်းသည် ချန်ပီယံမျှော်လင့်ချက်အတွက် မဖြစ်မနေအနိုင်ကစားရန် လိုအပ်နေသည်။ ယခုပွဲအနိုင်ရမှသာ ရောဝတီကို ဆက်လက်ဖိအားပေးနိုင်မည်ဖြစ်ပြီး ပထမအကျော့တွင် ဟံသာဝတီအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားသည်။ နည်းပြ ဦးမျိုးမင်းထွန်းသည် အသင်းဟောင်းနှင့် ဒုတိယအကြိမ် တွေ့ဆုံခြင်းဖြစ်ပြီး ပထမအကြိမ်တွင် အနိုင်ရအောင် စွမ်းဆောင်ထားနိုင်သည်။ ရန်ကုန်အသင်းမှာမူ ဟံသာဝတီကို အရေးနိမ့်သောပွဲအပြီးတွင် နည်းပြအပြောင်းအလဲပြုလုပ်ထားရာ ယခုတွေ့ဆုံမှုမှာ ပြိုင်ဆိုင်မှုပြင်းထန်လာနိုင်ဖွယ်ရှိနေသည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-ဘုန်းသော်

# (၅၁)နှစ်မြောက် ရွှေသွေးဂျာနယ် အထူးထုတ်(၂၀၂၀) ထွက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးသည် အသက် ၁၂ အောက်ကလေးများ ဖတ်ရှုနိုင်ရန် ရည်ရွယ်၍ ရွှေသွေးဂျာနယ်ကို ၁၉၆၉ ခုနှစ် ဇန်နဝါရီ ၄ ရက်မှ စတင်ထုတ်ဝေဖြန့်ချိခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက်တွင် (၅၁)နှစ် ပြည့်ခဲ့ပြီဖြစ်၍ (၅၁)နှစ်မြောက် ရွှေသွေးဂျာနယ် အထူးထုတ် (၂၀၂၀)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။




(၅၁) နှစ်မြောက် ရွှေသွေးဂျာနယ်အထူးထုတ် (၂၀၂၀)တွင် ကဗျာ၊ ပုံပြင်၊ ဝတ္ထု၊ သုတဆောင်းပါး၊ ဉာဏ်စမ်းကဏ္ဍများနှင့် ကာတွန်းဇာတ်လမ်းတို့ပါဝင်ပြီး သုတရသစုံလင်စွာ တင်ဆက်ထားသည်။ ကဗျာနှစ်သက်သူ ကလေးသူငယ်များအတွက် အကြောင်းအရာမျိုးစုံကို သီကုံးဖွဲ့နွဲ့ထားသည့် ကဗျာ(၁၄)ပုဒ် ထည့်သွင်းဖော်ပြထားသည်။ ထို့ပြင် ကလေးများအတွက် သုတ၊ ရသများကို ဖော်ကျူးပေးထားသည့် ပုံပြင်(၅)ပုဒ်၊ ကလေးဝတ္ထုဇာတ်လမ်း (၆)ပုဒ်၊ သုတဆောင်းပါး(၃)ပုဒ်တို့နှင့်အတူ ကလေးများ၏စိတ်ကူးဉာဏ်ကို ကွန့်မြူးစေမည့် ဉာဏ်စမ်းကဏ္ဍတို့လည်း ပါဝင်သည်။

ကာတွန်းကဏ္ဍတွင် ကာတွန်းဆရာကြီးများ ဖြစ်ကြသော ကာတွန်းရွှေမင်းသား၊ ကာတွန်းတင်အောင်နီ၊ ကာတွန်းမြေဇာ၊ ကာတွန်းသစ်ထွဏ်း၊ ကာတွန်း မောင်မောင်လေး၊ ကာတွန်း ကိုရွှေထူး(ပြည်)၊ ကာတွန်းကျော်ထွဏ်း၊ ကာတွန်း မောင်ရွှေဝင်း၊ ကာတွန်း စမ်းချောင်းကိုကိုအောင်၊ ကာတွန်း ဝင်းဖေ(အဖျောက်)၊ ကာတွန်း အောင်အောင်ထွေး၊ ကာတွန်း စိုးဇော်၊ ကာတွန်း စိုးစံ၊ ကာတွန်း ဆန်းလင်း၊ ကာတွန်း ဇော်ဝိတ်၊ ကာတွန်း အီကွေတာ၊ ကာတွန်း မင်းကောင်းကို၊ ကာတွန်း ရွှေရိုး၊ ကာတွန်း ဒစ်ဂျစ်တယ်၊ ကာတွန်း မောင်ဗချီ၊ ကာတွန်း ထွန်းထွန်းဝင်း (ရန်ကုန်တက္ကသိုလ်)၊ ကာတွန်း ဝင်းမြင့်အောင်၊ ကာတွန်း သီဟ (စခန်းသစ်)၊ ကာတွန်း သန့်စင်၊ ကာတွန်း ကျော်တင်မြင့်သစ်၊ ကာတွန်း အောက်တိုဘာအောင်ကြီး၊ ကာတွန်း သာဦး၊ ကာတွန်း MGU၊ ကာတွန်း ကိုသင်း၊ ကာတွန်း ကိုသက်ကြည်၊ ကာတွန်း သိက္ခာ၊ ကာတွန်း ထွဏ်းဦး (စစ်ကိုင်း)၊ ကာတွန်း ဆွေချစ်၊ ကာတွန်း ဝင်းသစ္စာမျိုး၊ ကာတွန်း မောင်မောင်ညွှတ်၊ ကာတွန်း သူရ၊ ကာတွန်း ကိုကောင်း၊ ကာတွန်း ပြုံးချို၊ ကာတွန်း ပေါ်လွင်ကျော်၊ ကာတွန်း ဇက်တီနှင့် ကာတွန်း မောင်တင်ယုတို့၏ လက်ရာများကို စုံလင်စွာ ဖတ်ရှုခံစားနိုင်မည်ဖြစ်သည်။

ထိုကဲ့သို့ နာမည်ကျော် ကာတွန်းလက်ရာကျော်ဆရာများ၏ လက်ရာကောင်းလက်ရာမွန်များကို တစုတစည်းတည်း ဖတ်ရှုနိုင်မည်ဖြစ်သည့်အပြင် အခြားစိတ်ဝင်စားဖွယ် ဝတ္ထု၊ ပုံပြင်၊ ကဗျာများကိုလည်း ဖတ်ရှုနိုင်မည့် (၅၁)နှစ်မြောက် ရွှေသွေးဂျာနယ် အထူးထုတ်(၂၀၂၀) စာအုပ်ကို တန်ဖိုးကျပ် ၃၃၀၀ ဖြင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ စာပေဗိမာန်အရောင်းဆိုင်များနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်အရောင်းဌာန အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၃၈၀၄၄၈၊ ၀၁-၂၄၉၀၃၁ သို့ ဆက်သွယ်မှာယူနိုင်သည်။

**သတင်းစဉ်**

# ရေတာရှည်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာလ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် ကျေးရွာပေါင်း ၁၇ ရွာ၌ စီမံကိန်းများ ဆောင်ရွက်ပြီးစီး

**ရေတာရှည် စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကိုဗစ်-၁၉ ရောဂါကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ Cash For Work စီမံကိန်းဖြင့် ကျေးရွာ ကိုးရွာ၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ဖြင့် ကျေးရွာ ရှစ်ရွာ စုစုပေါင်း ကျေးရွာ ၁၇ ရွာတွင် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ညွန့်က ပြောသည်။

ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၁၀၀ ဖြင့် Cash For Work စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရွာတွင်းလမ်းများ မြေဖို့ခြင်း၊ ရေမြောင်းဖော်ခြင်း၊ ကျောက်ရောမြေခင်းခြင်းနှင့် ကျန်းမာရေးဆေးပေးခန်း ခြံစည်းရိုးကာရံခြင်းတို့ ပါဝင်ပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)မှ ရရှိသည့်ရန်ပုံငွေဖြင့် လုပ်ကွက်ငယ် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ် လုပ်ကိုင်သူများအား ချေးငွေများ ထုတ်ပေးနိုင်ခဲ့သည်။ လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ခြင်းကြောင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး



## (၂၃)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှဝေခြင်း
## ဗိုလ်ချုပ်အေးကျော်
### ဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန
### (၁၈.၉.၁၉၉၇-၁၈.၉.၂၀၂၀)

အနန္တကျေးဇူးရှင် ဖခင်ကြီး၏ မေတ္တာနှင့် ကျေးဇူး တရားများကိုရည်စူး၍ နေ့စဉ် လစဉ် နှစ်စဉ် လျှဒါန်းရသော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးနှင့် ဝိပဿနာတရားကုသိုလ်များကို ဖေဖေ့အား အမျှပေးဝေပါသည်။

ဖေဖေ သာဓုခေါ်ဆိုနိုင်ပါစေ . . .

**ချစ်ဇနီး ဒေါ်ခင်လှမူ(မာမီ)နှင့်**
**သား၊ သမီး၊ မြေး၊ မြစ်တစ်စု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်တင်တင်ဝင်း
### အသက်(၇၀)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ်(၁၄)၊ စံပယ်လမ်းနေ ဒေါ်ခင်မာသူ(Treasury Manager)၏မိခင် ဒေါ်တင်တင်ဝင်းသည် ၁၆-၉-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**MPRL E&P Pte Ltd.**

---

## အထူးကျေးဇူးတင်ရှိခြင်း

ကွယ်လွန်သူ ဗိုလ်မှူးကြီး စန်းမြင့်(ငြိမ်း) (ရေ)၏ ဈာပနကိစ္စအဝဝကို တစ်ရက်တည်းပြီးစီးရန် ကူညီပံ့ပိုး ပေးခဲ့ကြသော ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်တကွ တပ်မတော်ရေမှ အရာရှိကြီးများ၊ ရေတပ်ပင်မတိုင်းတာရေး တပ်မှ တပ်မှူးနှင့် အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများ၊ တပ်မတော်ရေမှ ပင်စင်စား သူငယ်ချင်းများ၊ အထက(၁) တာမွေ (၇၂-၇၃) ဝန်းကျင်မှ အဘရိယပူဇော်ပွဲအဖွဲ့၊ တာမွေ မေတ္တာညွန့်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး ဥက္ကဋ္ဌကြီး နှင့် အဖွဲ့ဝင်များ၊ ကမ္ဘာ့ဥ္ဆန်လမ်း လမ်းသာယာရေးနှင့် ကူကယ်အဖွဲ့ဝင်များနှင့် ဆွေမျိုးမိတ်သင်္ဂဟ အားလုံး တို့အား မမေ့သော နှလုံးသားဖြင့် အထူးကျေးဇူးတင်ပါ သည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးငွေဝင်း (ဗောဓိကုန်း)
### အသက် (၇၃)နှစ်
### တ/ဘူမိ ရူပဗေဒအရာရှိ(ငြိမ်း)
### မြန်မာ့ရေနံဓာတု(ကွန်ပျူတာဌာန)
### စွမ်းအင်ဝန်ကြီးဌာန

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟ လမ်း၊ အမှတ် (၈၃၉)နေ ဆရာမ ဒေါ်အေးသန်း (အထက-၃၊ တောင် ဥက္ကလာပ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသက်ဝင်း-ဒေါ်ခင် ငွေးမြင့်၊ ဦးခိုင်ဝင်း-ဒေါ်အိအိဇင်၊ ဦးအောင်မြတ်မိုး-ဒေါ်ဖြူသွယ်နု တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မဝေလွဲ့ရည်ဝင်း၊ မောင်အောင်ဇင် ဘုန်းမိုး၊ မဘုန်းမို့မို့ဝင်း၊ မမေသော်တာမြတ်မိုးတို့၏အဘိုး ဦးငွေဝင်း သည် ၁၆-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၉:၁၀ နာရီတွင် နေအိမ်၌ ၉၆ ပါး ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၂၀ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၂-၉-၂၀၂၀ (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်မြမြဝင်း
### အသက်(၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရတနာအိမ်ရာ၊ မြလမ်းသွယ်(၁)လမ်း၊ အမှတ်(၁၁၂)နေ၊ ဗိုလ်မှူးကြီးမြင့်ထွန်း(ငြိမ်း)၊ (မီးသတ်ဦးစီးဌာန-ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)၏ဇနီး ဒေါ်မြမြဝင်း သည် ၁၇.၉.၂၀၂၀ ရက်နေ့ (၁၄:၃၆)နာရီအချိန်တွင် ကွယ်လွန်အနိစ္စ ရောက်သွားပါကြောင်း သိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် တပ်ဖွဲ့ဝင်များ၊
မိသားစုဝင်များ မီးသတ်ဦးစီးဌာန

---

## ကမ္ဘာ့အပူချိန် လျှော့ချဖို့
## အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ
## ဆက်လက်ဆောင်ရွက်စို့

---

### ရဟန်းဒါယကာကြီး
## ဦးနေဝင်း(ခ)သရုပ်ဆောင်/လူရွှင်တော် ဦးပလာတာ
### အသက် (၉၀) နှစ်

(ဦးမောင်ကလေး-ဒေါ်မိမိကြီး)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ် (၁၄၃)၊ (၂၆)လမ်း၊ ပန်းဘဲတန်းမြို့နယ်နေ (ဒေါ်ခင်ထွေး) ၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီး တင့်ဝေ(ငြိမ်း)-ဒေါ်ရီရီမြင့်၊ ဒေါ်စန်းစန်းဝင်း၊ ဦးခင်ဇော်-ဒေါ်နုတင်၊ ဒေါ်သန်းသန်းဝင်း၊ ဦးထွန်းကျော်ဝင်း-(ဒေါ်တင်တင်မြ)၊ ဦးခင်ကျော်ဝင်း-ဒေါ်ကြည် ကြည်ညွန့်တို့၏ ဖခင်၊ မြေး ၁၀ ယောက်၊ မြစ် ၁၀ ယောက်တို့၏ အဘိုးသည် ၁၇-၉-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန် သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြစိန် (ရေနံ့ချောင်း)
### အသက် (၈၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်၊ ဦးကျော်လှလမ်း၊ အမှတ် (၁၈)နေ (ဦးဝိုက်-ဒေါ်ကြင်)တို့၏ သမီး၊ (ဦးကျော်ငြိမ်း)-ဒေါ်ခင်ဆွေမြင့် တို့၏ ညီမ၊ ဒေါ်ထားထား၏ အစ်မ၊ ဦးသန်းထွန်းဝင်း-ဒေါ်သန္တာခိုင်၊ ဦးကျော်စိုးမင်း-ဒေါ်သော်တာခိုင်၊ ဦးစိန်ခိုင်သန့်-ဒေါ်အေမီအောင်တို့၏ မွေးသမိခင်၊ မချမ်းငြိမ်းသူ၊ မောင်ရှိန်းထက်တို့၏အဘွား ဒေါ်မြစိန်သည် ၁၇-၉-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁:၁၅ နာရီတွင် ၉၆ ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီး ရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး
## ဒေါ်မော်ကြည် (ရေစကြို)
### သုဝဏ္ဏ သိင်္ဂီ မိုးကုတ်ယောဂီ
### အသက် (၇၈)နှစ်

ရေစကြိုမြို့၊ ဈေးရပ်နေ (ဦးဗိုလ်-ဒေါ်သိန်းတင်)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ တိုက်(၃၀၄)၊ အခန်း(၄)၊ သံသုမာလမ်း၊ သုဝဏ္ဏနေ ဦးခင်မောင် အေး (ဗဟိုတရားရုံးရှေ့နေ)၏ ချစ်လှစွာသောဇနီး၊ ဦးစိုးမိုးအေး (C/E Liz Star Co., Ltd)-ဒေါ်နန်းဦးခိုင်၊ ဦးမြတ်စိုးအေး(ခ)စိုးထွန်း (C/O Mistral Co., Ltd)-ဒေါ်တင်တင်နွယ်၊ ဦးဝင်းခိုင်-ဒေါ်စန္ဒာအေး(ဒေါင်းရာဇာပွဲရုံ)၊ ဒေါ်မြတ်သူဇာအေး (UTE Co., Ltd)တို့၏ ချစ်လှစွာသောမိခင်၊ မယွန်းသဉ္ဇာ သိမ့်၊ မစိုးမိုးနှင်းဆက်၊ မသင်းနန္ဒာစံ၊ မမေစိုးမိုးသူ၊ မောင်ရဲမာန်အောင်တို့၏ ချစ်လှစွာသောအဘွားသည် ၁၇-၉-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၄:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက် ၁၁နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---


## ဒေါ်ဝင်းယုခိုင်(ခ)ဒေါ်ခင်ရီ(ပခုက္ကူ)
### B.Sc, B.Ed
### အသက် (၇၄)နှစ်
### (ချောက်၊ ဝက်လက်၊ ဇီးကုန်း၊ မုဒုံ-အထပြ-ငြိမ်း)

ပခုက္ကူမြို့နေ (ဦးခင်မောင်-ဒေါ်ပွေး)တို့၏ သမီး၊ (ဦးမောင်မောင်-ဒေါ်ကျင်တုပ်)တို့၏ သမီးချွေးမ၊ (ဦးသန်းစိန်)၊ (ဦးတင်ဝင်း)၊ (ဒေါ်တင်တင်ရီ)တို့၏ ညီမ၊ (ဦးရဲမောင်)၊ ဦးအောင်ဝင်းမောင်တို့၏အစ်မ၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပိတောက်ပင်လမ်း၊ အမှတ် (၆၆) နေ ဦးရဲထွန်း (တွဲဖက်တိုင်းတရားသူကြီး-ငြိမ်း၊ တရားလွှတ်တော်ရှေ့နေ)၏ ချစ်လှစွာသောဇနီး၊ ဦးစိုးမင်းထွန်း (Computer Programmer)၊ Dr. ဥမ္မာထွန်း(ပါမောက္ခ၊ ဇီဝနည်းပညာဌာန၊ မန္တလေးနည်းပညာ တက္ကသိုလ်)၊ ဒေါ်အေးမွန်ထွန်း(M.C.Sc, UCSY, A.I.T, PhD. Candidate, National Chi Nan University, Taiwan)၊ Dr. သန့်ဖြူစင်(သွားနှင့် ခံတွင်းအထူးကုဆရာဝန်၊ မျက်နှာမေးရိုးနှင့် ခံတွင်းခွဲစိတ်ကုဌာန၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး)၊ Dr. အောင်ရဲခိုင်(M.B.B.S)တို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်ဝင်းယုခိုင်(ခ)ဒေါ်ခင်ရီ သည် ၁၇-၉-၂၀၂၀ ရက် နံနက် ၄:၃၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

facebook

## အမုန်းစကားမပြောရ



တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊ ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများ နှင့် နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလို သောကြောင့်ဖြစ်စေ တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။

Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ထားထား
### အသက် (၈၆)နှစ်

တိုက် (၂၉)၊ အခန်း (၁၆) ဦးဝိစာရအိမ်ရာ၊ မင်းမနိုင်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးကောက်ဖြောင့်-ဒေါ်ငွေစိန်)တို့၏ သမီး၊ ဗိုလ်မှူးကြီးစိုးလွင်(ငြိမ်း)၏ ဇနီး၊ ဒေါ်ရီရီလွင်-ဦးခင်မောင်သန်း၊ ဒေါက်တာထွန်းလွင်-ဒေါ်မြမြဝင်း၊ ဒေါ်သီသီ လွင်၊ ဦးဝင်းလွင် (မြို့နယ်မှူး၊ လဝက)-ဒေါ်မြင့်မြင့်ဝေ၊ (ဦးစန်းလွင်)တို့၏ မိခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၆-၉-၂၀၂၀ ရက် နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးဖြစ်ပါ ကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၉-၂၀၂၀ (အင်္ဂါနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
### ဦးစိန်တင်(မြိတ်) အသက်(၉၀)
### ဒေါ်ရှုဟုန်(မြိတ်) အသက်(၉၀)

မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းကြီး၏ လူမှုရေးကော်မတီဥက္ကဋ္ဌဖြစ်သူ ဦးမြင့်သန်း-Dr. ဒေါ်တင်တင်လတ်တို့၏မွေးသဖခင် ဦးစိန်တင် အသက်(၉၀)သည် ၁၆-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့)နှင့် မွေးသမိခင် ဒေါ်ရှုဟုန် အသက်(၉၀)သည် ၁၅-၉-၂၀၂၀ (အင်္ဂါနေ့)တွင် ကွယ်လွန် သွားပါသဖြင့် မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းကြီး၏ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် များမှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ**
**မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်နန်းထားထားလွင်
### အသက် (၈၂)နှစ်

ရန်ကုန်မြို့၊ အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ဘုရင့်နောင် လမ်း၊ (၃၅)နေ ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဒုရဲမှူးကြီး စိုင်းအောင်မင်း(ငြိမ်း)၏ ဇနီး ဒေါ်နန်းထားထားလွင်သည် ၁၄-၉-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်မြင့် - ဇနီး ဒေါ်မြသီတာ**
**ကြေးမုံ**
**မှန်နှင့်အလူမီနီယံလုပ်ငန်း**
**မိသားစု**
**စော်ဘွားကြီးကုန်းပွဲရုံ၊ အင်းစိန်**

---

## အနိစ္စ

သင့်
သွေးဖြင့်
အသက်
ကယ်ပါ

---

### ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဆရာမကြီး ဒေါ်နော်စိန်လေး
### (ဦးစီးအရာရှိ၊ အခြေခံပညာဦးစီးဌာန-ငြိမ်း)
### အသက် (၇၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ ABM ဝင်းနေ (ဦးရွှေပို-ဒေါ်မယ်အုံ)တို့၏ သမီးထွေး၊ ဦးဘန်းစိန်-ဒေါ်ကြည်၊ (စောဘိုဟဲ-ဒေါ်စိန်ဖြူ)၊ (ဦးလောလ-ဒေါ်မလေး)တို့၏ ညီမ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ မြို့သစ်၊ (၁၂) ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ် (၁၅၂၄)နေ ဦးစောသာစေး (မြို့နယ်စာရင်းစစ်ဦးစီးမှူး-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးမြင့်စိုး-နော်ဖဲထူး၊ နော်စေးဝါးဖော၊ စောဝါးထူဆြီး-နန်းမိုးဆမ်းပန်းတို့၏ ချစ်လှစွာသောမိခင်၊ မောင်ကျော်ထက်နေ၊ မသက်မြတ်စံ၊ နော်ဖောပေရယ်ထူးတို့၏အဘွား ဒေါ်နော် စိန်လေးသည် ၁၇-၉-၂၀၂၀(ကြာသပတေးနေ့) နံနက် ၁၁:၃၇နာရီတွင် ခရစ် တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၉-၉-၂၀၂၀ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ခရစ် ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်(ရေဝေး)၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးမင်းလွင်
### အသက် (၅၉)နှစ်
### CDC – 19647

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၄)ရပ်ကွက်၊ အမှတ် (၁၇၆)၊ သရဖီ (၁)လမ်းနေ (ဦးလှမောင်-ဒေါ်လှကြွေ)တို့၏ သား၊ (ဦးဖေသန်း-ဒေါ်မြသွင်)တို့၏ သားသမက်၊ ဒေါ်သန်းသန်းငွေး၊ (ဒေါ်အေးအေးသန်း)တို့၏ မောင်၊ ဦးစံထူး၏ညီ၊ ဒေါ်သန်းသန်းဝင်း၊ ဒေါ်နီလာဝင်းတို့၏ အစ်ကို၊ ဒေါ်မိုးမိုးသန်း၏ ခင်ပွန်း၊ ကိုဇော်ဇော် လွင်-မယုမြတ်အေး၊ မတင်သူဇာ၊ ကိုသီဟဇော်တို့၏ ဖခင်သည် ၁၇-၉-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၆:၂၀ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၁၉-၉-၂၀၂၀ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

